# တအာင်းဒေသအတွင်း ၂၀၁၅ - ၂၀၁၆ ခုနှစ် စစ်ပွဲသုံးသပ်ချက်

၁။ တအာင်းဒေသအတွင်းတွင် ၂၀၁၂ ခုနှစ်တွင် တိုက်ပွဲ (၁၇) ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် တိုက်ပွဲ (၆၅) ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် တိုက်ပွဲ (၁၃၆) ကြိမ် ဖြစ်ပွားခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် တိုက်ပွဲ (၂၁၉) ကြိမ်နှင့် ၂၀၁၆ ခုနှစ်တွင် တိုက်ပွဲ (၃၀၉) ကြိမ် အထိ ဖြစ်ပွားလာခဲ့သည်။ တိုက်ပွဲပိုမို ဖြစ်ပွားလာရခြင်းသည် (က) မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင် ပိုမိုပြုလုပ်ခြင်းနှင့် RCSS/SSA တပ်ဖွဲ့မှ တအာင်းဒေသအတွင်း နယ်မြေ ကျူးကျော် ဝင်ရောက်တိုက်ခိုက် လာခြင်းကြောင့်ဖြစ်သည်။

## မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်မှုအခြေအနေ

၂။ မြန်မာ့တပ်မတော်သည် တအာင်းဒေသတွင် မူလက နယ်မြေခံတပ်များဖြစ်သည့် ရမခ လက်အောက်ခံတပ်ရင်း၊ ကျောက်မဲ အခြေစိုက် စကခ-၁ လက်အောက်ခံတပ်ရင်း၊ သိန္နီ အခြေစိုက် စကခ-၁၆ လက်အောက်ခံတပ်ရင်း၊ ပဲခူးအခြေစိုက် တပ်မ ၇၇ တစ် ဗျူဟာ၊ မကွေးအခြေစိုက် တပ်မ ၈၈ တစ် ဗျူဟာ၊ မိတ္ထီလာ အခြေစိုက် တပ်မ ၉၉ တစ် ဗျူဟာသာ ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် ဧပြီလတွင် တပ်မ ၇၇ တပ်မ တစ်ခုလုံးနှင့် တပ်မ ၈၈ တပ်မ တစ်ခုလုံး ၊ မေလတွင် တပ်မ ၉၉ တပ်မ တစ်ခုလုံး ထပ်မံအင်အားဖြည့် ထိုးစစ်ဆင်လာခြင်း၊ ၂၀၁၆ ခုနှစ် မတ်လတွင် ရှိပြီးဖြစ်သော တပ်များအပြင် စစ်ကိုင်း (ရွှာထောင်) အခြေစိုက် တပ်မ ၃၃ တပ်မတစ်ခုလုံး၊ ကလော အခြေစိုက် တပ်မ ၅၅ တစ်ခုလုံး၊ ပခုက္ကူအခြေစိုက် တပ်မ ၁၀၁၊ စကခ - ၁၀ စသည့် ရမခ၊ စကခ (၃) ခုနှင့် တပ်မ (၆) ခု စစ်အင်အား တစ်သောင်းကျော်အထိ ထိုးစစ်ဆင်လာခဲ့သည်။ မြန်မာ့တော်သည် တအာင်းတပ်မတော်အား ၃ လကျော်ကာလ ထိုးစစ်ဆင်လာပြီး ဇွန်၊ ဇူလိုင်လတွင် တပ်မများဖြစ်ကြသည့် တပ်မ ၃၃ နှင့် တပ်မ ၉၉ တို့အားချန်ထားကာ ကျန်တပ်မများ ပြန်လည်ဆုတ်ခွါသွားခဲ့သည်။

၃။ မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်မှုကြောင့် မြန်မာ့တပ်မတော်နှင့် တအာင်းတပ်မတော်တို့၏ တိုက်ပွဲဖြစ်ပွားမှုအခြေအနေမှာ-

**၂၀၁၅ ခုနှစ် မြန်မာ့တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုအခြေအနေ**

| စဉ် | တိုက်ပွဲအမျိုးအစား | လအမည် | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | သြဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | |
| ၁ | မြန်မာ့တပ်မတော် ထိုးစစ် | ၅ | ၃၇ | ၂၁ | ၉ | ၁၁ | ၁၅ | ၅ | ၇ | ၁၆ | ၁၄ | ၁၆ | ၂၆ | ၁၈၂ |
| ၂ | TNLA ဖက်မှခြုံခိုတိုက် | | ၂ | ၁ | ၃ | ၁ | | | | | ၁ | | ၁ | ၉ |
| ၃ | မြန်မာ့တပ် TNLA ယာယီစခန်း တက်သိမ်း | | | | ၁ | | | | | ၁ | | | | ၂ |
| ၄ | TNLA မြန်မာ စခန်းသွား | ၁ | ၁ | ၂ | ၁ | ၁ | | ၁ | | | ၁ | ၁ | | ၉ |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပစ်ခတ် | | | | | | | | | | | | | |
| ၅ | လေကြောင်းပစ်ကူ | | ၃ | | | ၁ | | | | | | | | ၄ |

## ၂၀၁၆ ခုနှစ် မြန်မာ့တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုအခြေအနေ

| စဉ် | တိုက်ပွဲအမျိုးအစား | လအမည် | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | |
| ၁ | မြန်မာ့တပ်မတော်၏ထိုးစစ် | ၁၂ | ၈ | ၁၅ | ၁ | ၁၄ | ၁၀ | ၇ | ၅ | ၁၄ | ၂၂ | ၁၄ | ၁၂၂ |
| ၂ | TNLA ဖက်ခြုံခိုတိုက် | ၃ | | ၁၃ | ၂ | ၄ | ၁ | ၁ | ၂ | ၄ | ၁ | ၄ | ၃၅ |
| ၃ | မြန်မာတပ် TNLA ယာယီစခန်း လာသိမ်း | | | ၁ | | | | | | ၁ | ၁ | | ၃ |
| ၄ | TNLA မြန်မာ စခန်းသွားပစ်ခတ် | ၁ | | | ၁ | | | | | | ၁ | ၁ | ၄ |
| ၅ | လေကြောင်းပစ်ကူ | ၂ | ၂ | ၂ | | | | | | | ၁ | | ၇ |

## နှစ်ဖက်ထိခိုက်ကျဆုံးမှု

၄။ မြန်မာ့တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားမှုကြောင့် နှစ်ဖက်ထိခိုက်ကျဆုံးမှုအခြေအနေမှာ-

## ၂၀၁၅ ခုနှစ် ထိခိုက်ကျဆုံးမှုအခြေအနေ

| စဉ် | တပ်ဖွဲ့အမည် | ထိခိုက်မှု | လအမည် | | | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | |
| ၁ | မြန်မာ့တပ်မတော် | ကျဆုံး | ၄၅ | ၁၄၂ | ၂၈ | ၁၆ | ၂၈ | ၂၀ | ၈ | ၃ | ၆၅ | ၂၄ | ၂၀ | ၆၅ | ၄၆၆ |
| | | ဒဏ်ရာ | ၁၀ | ၄၅ | ၁၇ | ၄၅ | ၃၇ | ၆ | ၈ | ၁၄ | ၁၀ | ၂၆ | ၁၂ | ၃၄ | ၂၆၄ |
| ၂ | တအာင်းတပ်မတော် | ကျဆုံး | | ၉ | ၁ | ၁၁ | ၁ | ၅ | ၂ | | ၃ | ၅ | | ၁ | ၃၈ |
| | | ဒဏ်ရာ | | ၃ | ၂ | ၅ | ၅ | | | | ၆ | ၃ | ၇ | ၁ | ၃၂ |

## ၂၀၁၆ ခုနှစ် ထိခိုက်ကျဆုံးမှုအခြေအနေ

| စဉ် | တပ်ဖွဲ့အမည် | ထိခိုက်မှု | လအမည် | | | | | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | |
| ၁ | မြန်မာ့ | ကျဆုံး | ၅၉ | ၁၄ | ၁၄၄ | ၃ | ၃၃ | ၁၄ | ၅ | ၈ | ၁၁ | ၄၄ | ၄၂ | ၃၇၇ |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | တပ်မတော် | ဒဏ်ရာ | ၃၂ | ၁၀ | ၆၁ | ၆ | ၂၄ | ၁ | ၁၀ | ၂ | ၁၀ | ၂၅ | ၂၁ | ၂၀၂ |
| ၂ | တအာင်း | ကျဆုံး | ၁ | ၁ | ၂ | ၁ | ၂ | ၆ | | ၁ | ၄ | ၂ | ၃ | ၂၃ |
| | တပ်မတော် | ဒဏ်ရာ | ၁ | ၃ | ၁ | ၁ | | | | ၁ | | | ၂ | ၉ |

**RCSS/SSA တပ်ဖွဲ့နှင့် တိုက်ပွဲအခြေအနေ**

၅။ တအာင်းဒေသအတွင်း RCSS တပ်ဖွဲ့နှင့် ၂၀၁၅ ခုနှစ်မှစတင်ကာ နှစ်ဖက်ထိတွေ့တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့သည်။ တိုက်ပွဲစတင်ဖြစ်ပွားရခြင်းမှာ မြန်မာ့တပ်မတော်သည် တအာင်းတပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားရာတွင် ထိခိုက်ကျဆုံးမှု များပြားခြင်းကြောင့်လည်းကောင်း တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင် အင်အားယုတ်လျော့စေရန် တိုင်းရင်းသား လက်နက်ကိုင်အချင်းချင်း တိုက်ခိုက်စေသည့် နည်းလမ်းကိုအသုံးပြုခဲ့သည်။ RCSS/SSA တပ်ဖွဲ့ NCA လက်မှတ်ထိုးပြီးနောက်ပိုင်း RCSS/SSA တပ်ဖွဲ့အား အကူအညီပေးပြီး တအာင်းဒေသသို့ ထောင်ချီသောတပ်အင်အား ကျူးကျော်ဝင်ရောက်စေကာ နှစ်ဖက်တိုက်ပွဲဖြစ်ပွားစေရန် အသုံးချခဲ့သည်။ထို့ကြောင့် တအာင်းတပ်မတော်နှင့် RCSS တပ်ဖွဲ့ တိုက်ပွဲဖြစ်ပွားသည့်လများတွင် မြန်မာ့တပ်မတော်နှင့် တအာင်းတပ်မတော် တိုက်ပွဲဖြစ်ပွားမှု လျော့ကျ လာခဲ့သည်။ တအာင်းတပ်မတော်နှင့် RCSS တပ်ဖွဲ့တို့ တိုက်ပွဲလျော့ကျလာသဖြင့် ယခုတဖန် မြန်မာ့တပ်မတော်သည် တအာင်းတပ်မတော်အား ပြန်လည်ထိုးစစ်ဆင်လာခဲ့ပြန်သည်။ တအာင်းတပ်မတော်နှင့် RCSS တပ်ဖွဲ့သည် ၂၀၁၅ ခုနှစ်တွင် တိုက်ပွဲပေါင်း (၁၇) ကြိမ်ဖြစ်ပွားပြီး ၂၀၁၆ ခုနှစ်တွင် တိုက်ပွဲပေါင်း (၁၄၅ ) ကြိမ် ဖြစ်ပွားခဲ့သည်။

**စစ်ရေးပြင်းထန်လာနိုင်မှု**

၆။ အောက်တိုဘာလစတုတ္ထပတ်စတင်၍ တအာင်းတပ်မတော်အားထိုးစစ်ဆင်မှု ပိုမိုပြုလုပ်လာခဲ့သဖြင့် တိုက်ပွဲများနေ့စဉ်နီးပါးဆက်တိုက် ဖြစ်ပေါ်လာသည်။ တိုက်ပွဲမဖြစ်ပွားစေရန် တအာင်းတပ်မတော်မှ ရှောင်ရှားခဲ့သော်လည်း တအာင်း တပ်မတော်လှုပ်ရှားသည့်ဒေသ၊ အခြေချသည့် တောအတွင်းယာယီစခန်း၊ မူးယစ်ဆေးဝါးရောင်းဝယ်သူများ ဖမ်းဆီးချုပ်နှောင်ထားသည့် နေရာများသို့ မြန်မာ့တပ်မတော်မှ လိုက်လံတိုက်ခိုက်ခဲ့သည်။ ထို့ပြင် အရပ်ဝတ်ဖြင့် သွားလာ နေသည့် တအာင်းတပ်မတော် များကိုလည်း စီမံချက်ချကာ လိုက်လံဖမ်းဆီးလျက်ရှိသည်။ တိုက်ပွဲဖြစ်ပွားမှုမရှိသည့် နေ့များတွင် မြန်မာ့တပ်မတော်သည် ယင်းတို့တပ်စခန်းမှ ကျေးရွာ ပတ်ဝန်းကျင်နှင့် ကျေးရွာအတွင်း လက်နက်ကြီးများပစ်ခတ်ကာ လူထုပါ ဦးတည် တိုက်ခိုက်လာသည်။

၇။ ထို့အပြင် တအာင်းဒေသအတွင်း မြန်မာ့တပ်မတော်သည် တပ်အင်အား ထပ်မံတိုးချဲ့ချထားလာကာ နိုဝင်ဘာပထမ ပတ်တွင် စစ်ကား အစီး ၆၀ ဖြင့် ကွတ်ခိုင်မြို့နယ်နှင့် မူဆယ်မြို့နယ်သို့လည်းကောင်း နမ့်ဆန်မြို့နယ်သို့ တပ်ရင်းတစ်ရင်း ထပ်မံဖြည့်တင်း ထိုးစစ်ဆင် ထားပြီး တအာင်းတပ်မတော်လှုပ်ရှား နယ်မြေဒေသအားလုံး တပ်ဖြန့်ထားပြီဖြစ်ရာ တိုက်ပွဲပိုမိုပြင်းထန်လာနိုင်သည့် အခြေအနေတွင်ရှိနေသည်။

**သတင်းနှင့်ပြန်ကြားရေးဌာန**

**PSLF/TNLA**

**၁၈ ရက် နိုဝင်ဘာလ ၂၀၁၆ခုနှစ်**